# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 25 , 2022 Volume 59, Number 15

| ၂၅.၁၀.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၇၂.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၃.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၈၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၀
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ ဈေးတွေပြန်တက်လာခဲ့ပေမယ့် ငွေလဲလှယ်နှုန်းဈေး ကျဆင်းခြင်း၊ ဈေးနိမ့်ပေးဝယ်ယူခြင်းတို့ကြောင့် တစ်ပတ်အတွင်း တစ်တန်ကို ၁၈ သိန်းအောက်ထိ ဈေးပြန်ကျဆင်းသွားပါတယ်။ ငွေဈေးတည်ငြိမ်မှု မရှိတဲ့အတွက် ကုန်သည်တွေအနေနဲ့ အရောင်းအဝယ်ပြုလုပ်ရာမှာ အခက်အခဲရှိနေပြီး အခြေအနေစောင့်ကြည့် ရောင်းဝယ်မှုတွေရှိနေတယ်လို့ သိရပါတယ်။ ဈေးအတက်ကို စောင့်ကြည့်နေတာဖြစ်တဲ့အတွက် မဖြစ်မနေ အခြေအနေမှသာ အရောင်းအဝယ်ပြုလုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံက ပဲအထွက်နှုန်း လျော့နည်းတဲ့အတွက် အရန်ပဲအဖြစ် သိုလှောင်ရန် ဝယ်ယူမှုတွေရှိနေတယ်။ မတ်ပဲဈေးကတော့ တက်နိုင်ခြေရှိတယ်လို့ ကုန်သည်အချို့က သုံးသပ်ထားပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၇၉၇၀၀၀ ထိ ဈေးပြန်ကျဆင်းသွားပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၄၅၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၀၀၀၀ ကနေ ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၃၀၀၀ ကနေ ၅၀၀၀ ကြား ဈေးတက်လာပါတယ်။

မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၉၀၀၀ ကနေ ၅၉၅၀၀ ကြားပေါက်ဈေးရှိပြီး ရာဂဏန်းလောက်သာ အတက်အကျရှိနေပါတယ်။

မတ်ပဲကတော့ တစ်လအတွင်း တစ်တန်ကို ငွေကျပ် ၂ သိန်းလောက် ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးအတက်အကျ အနည်းငယ်နဲ့ပဲ အပြောင်းအလဲရှိနေပါတယ်။ အိန္ဒိယနိုင်ငံက သိုလှောင်ရန်အတွက် ပဲစင်းငုံနီဝယ်ယူဖို့ ကမ်းလှမ်းထားပြီး မိုးကြောင့် ပျက်စီးဆုံးရှုံးမှု တန်ချိန် ၄ သန်းနီးပါးရှိနိုင်ကြောင်း အိန္ဒိယအစိုးရက ခန့်မှန်းထားတယ်လို့ Current content က ဖော်ပြထားတဲ့ ဘာသာပြန်သတင်းအရ သိရပါတယ်။

မြန်မာပြည်တွင်းမှာလည်း စိုက်ပျိုးဧကလျော့နည်းပြီး လက်ရှိပြည်တွင်းလက်ကျန်မရှိတော့တဲ့အတွက် ဈေးကငြိမ်နေပြီး ငွေဈေးကြောင့် အတက်အကျရှိနေတာဖြစ်တယ်လို့ သိရပါတယ်။ ပဲစင်းငုံနီကတော့ လာမယ့်ရေရှည်ကာလအတွင်း

ဈေးကောင်းရနိုင်မယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။

လက်ရှိရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၉၆၀၀၀၀ ကနေ ၁၉၇၅၀၀၀ ကြားအရောင်းအဝယ်ရှိနေပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၈၅၀၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့်မုံရွာတို့မှာတော့ တစ်တင်းကို ၅၉၀၀၀ မှ ၆၁၀၀၀ လောက် ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ လောက်ဈေးကျဆင်းပါတယ်။ ပဲစင်းငုံနီကတော့ တစ်လအတွင်း တစ်တန်ကို ၁၈၀၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲပွဲတော်ကာလဖြစ်တဲ့အတွက် အရောင်းအဝယ်သွက်လာပြီး ဈေးအနည်းငယ် ပြန်တက်လာခဲ့ပါတယ်။ ဆက်ပြီး ဈေးတက်နိုင်ခြေကတော့ မရှိပဲငွေကြေးလဲလှယ်နှုန်း ဈေးပေါ်မူတည်ပြီး အတက်အကျ အပြောင်းအလဲရှိနိုင်သေးတယ်လို့ ကုန်သည်တွေက ခန့်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၆၅ ကနေ ၃၁၆၅ ကျပ်၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၂၅၀ ကနေ ၃၃၃၅ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၀၀၀ ကနေ ၄၂၅၀ ပေါက်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က ၃ တင်းဝင် တစ်အိတ်ကို ၁၇၅၀၀၀ ပေါက်ဈေးရှိပြီး ၃၀၀၀ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၉၀၀၀၀ မှ ၁၉၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ကျပ်၊ ကုလားပဲ (929)က တစ်အိတ်ကို ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ် ဈေးပြန်တက်လာပါတယ်။ ကုလားပဲ (ဗွီဆဲဗင်း)က တစ်အိတ်ကို ၁၉၅၀၀၀ ကနေ ၁၉၈၀၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ဈေး ကျဆင်းပါတယ်။

ပြည်ဈေးကွက်မှာတော့ ကုလားပဲ(ဟော်လန်)နဲ့ ကုလားပဲ (မြကြေး)က တစ်တင်းကို ၆၄၀၀၀ ကနေ ၆၅၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးပြန်တက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်) နဲ့ ကုလားပဲ(929) တို့က တစ်တင်းကို ၆၀၀၀၀ ကနေ ၆၀၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀ ကနေ ၂၀၀၀ကြား ဈေးတက်လာပါတယ်။

**ပဲကြီး**

ပဲကြီးဈေးကလည်း ကျဆင်းသွားပါတယ်။ အဝယ်ပုံမှန်ရှိနေပေမယ့် ငွေကြေးဈေးကြောင့် ဈေးက ပြန်ကျဆင်းသွားတာဖြစ်ပါတယ်။ အဝင်ကတော့ အနည်းငယ်များလာတယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ပဲကြီး (ရွှေကျွန်း)က တစ်ပိဿာကို ၄၄၂၀ မှ ၄၅၁၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၉၀ ကျပ် ဈေးကျဆင်းပါတယ်။ ပဲကြီး(ကုန်း)ကတော့ တစ်ပိဿာကို ၄၁၇၀ ကနေ ၄၂၆၅ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲကြီးက တစ်အိတ်ကို ၂၁၀၀၀၀ကနေ ၂၃၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ဆင်ဖြူကျွန်းဈေးကွက်မှာတော့ တစ်တင်းကို ၇၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ်ဈေး ကျဆင်းပါတယ်။ ပဲကြီးက တစ်လအတွင်း သုံးတင်းဝင် တစ်အိတ်ကို ၃၀၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

**ရွေတ်**

ရွေတ်ခြောက်တွေကတော့ ရန်ကုန်ဈေးကွက်မှာ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ရွေတ်အစိုတွေ ဈေးကွက်ထဲဝင်နေပြီဖြစ်တဲ့အတွက် ရွေတ်အခြောက်တွေ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ရွေတ်အစို တွေကတော့ ထိုင်းတင်ပို့မှု လျော့နည်းတဲ့အတွက် ဈေးတွေ ကျဆင်းနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ရွေတ်(မြစ်ဝ)က တစ်ပိဿာကို ၂၄၀၀၀ ကနေ ၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၅၀၀ ကျပ်ဈေးတက်လာပါတယ်။ မွှားနီ(ဟင်္သာတ)ကတော့ တစ်ပိဿာကို ၁၉၀၀၀ ကနေ ၁၉၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀၀ ကျပ်ဈေးတက်လာပါတယ်။ ရွေတ်မျိုးစုံ တစ်ပိဿာကို ၁၀၀၀ ကနေ ၁၅၀၀ကြား ဈေးမြင့်တက်လာပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံဈေးတွေကတော့ ငွေလဲလှယ်နှုန်း ဈေးကျဆင်းတာနဲ့အတူ ဈေးတွေလည်း ပြန်ကျဆင်းသွားပါတယ်။ အရောင်းအဝယ်ကလည်း အနည်းငယ် ပြန်အေးသွားပါတယ်။

နှမ်းနက်(စမုံ)က မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၃၅၀၀၀ ကနေ ၂၈၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၄၀၀၀၀ ကနေ ၂၇၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ဆင်ဖြူကျွန်းဈေးကွက်မှာလည်း တစ်တင်းကို ၈၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၅၀၀၀ လောက် ဈေးကျဆင်းပါတယ်။ တစ်လအတွင်း တစ်အိတ်ကို ၇၀၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

နှမ်းဖြူကလည်း မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၂၇၀၀၀၀ ကနေ ၂၈၅၀၀၀ ကြားပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ အောင်လံဈေးကွက်မှာလည်း တစ်အိတ်ကို ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ တစ်လအတွင်း တစ်အိတ်ကို ၄၀၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ပြည်တွင်းသုံးဆန်ဈေးကွက် အကျဘက်ရှိနေသော်လည်း စပါးဝယ်ဈေးမြင့်လာနိုင်




ပြည်တွင်းစားသုံးမှုများသည့် ဆန်ဈေးကွက်တွင် အကျဘက်သို့ရှိနေသော်လည်း လာမည့်ရက်များတွင် လှောင်လက်များ၏ စပါးဝယ်ဈေး မြင့်တက်လာနိုင်ချေရှိကြောင်း စပါးကုန်သည်များထံက သိရသည်။

ပြီးခဲ့သည့် ဇူလိုင်နှင့်ဩဂုတ်လများက အမြင့်ဈေးအထိ ရောက်ရှိခဲ့ရာက စက်တင်ဘာလနောက်ပိုင်း အကျဘက်သို့ တဖြည်းဖြည်းရောက်ရှိလာရာက ၎င်းအကျဘက်တွင် ငြိမ်သက်နေရာမှ စပါးအဝယ်ဒိုင်များအနေဖြင့် ဈေးနှုန်းမြှင့်တင်ဝယ်ယူရန် စိုင်းပြင်းနေကြသည်ဟု သိရသည်။ "ပြည်တွင်းဆန်ဈေးကတော့ အကျဈေးမှာ ငြိမ်နေပေမယ့် စပါးအဝယ်ဒိုင်တွေက ဈေးမြှင့်ဝယ်လာမယ့် အခြေအနေရှိတယ်။ ဒါပေမယ့် စပါးတိုင်းတော့မဟုတ်ဘူး။ ဝယ်ရင်လည်း အစိုမှတ်အနည်းဆုံးကို လှောင်လက်တွေက ဈေးကောင်းပေးဝယ်ဖို့ လုပ်နေကြတယ်" ဟု ဆန်၊ စပါးအရောင်းအဝယ် ကုန်သည်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လထက် ဆန်တစ်တင်းခွဲတစ်အိတ်လျှင် ပျမ်းမျှ ကျပ် ၄၀၀၀ မှ ၇၀၀၀ ဝန်းကျင်ကျဆင်းခဲ့ပြီး ရွှေဘိုပေါ်ဆန်း(ထိပ်စ) ကျပ် ၉၁,၀၀၀၊ ထူးရှယ် ကျပ် ၈၀,၀၀၀၊ ရောပဒေသာ(ရှယ်) ကျပ် ၆၆,၀၀၀၊ မနောသုခ(ရှယ်) ကျပ် ၅၆,၀၀၀၊ မဂျမ်းတော(ရှယ်) ကျပ် ၆၆,၀၀၀ နှင့် ရက် ၉၀ ဆန် ကျပ် ၅၇,၀၀၀ ဖြင့် ဈေးအသီးသီးရှိနေပြီး စပါးဈေးမှာ အမျိုးအစားအလိုက် တင်း ၁၀၀ လျှင် ကျပ် ၉၅၀,၀၀၀ (ကိုးသိန်းခွဲ) ဝန်းကျင်မှ လက်ရှိတွင် အစိုမှတ် ၂၅ အောက် စပါးအတွက် ကျပ် ၁,၀၇၀,၀၀၀ (ဆယ်သိန်း ခုနစ်သောင်း)ဝန်းကျင် ပေါက်ဈေးရှိကြောင်းသိရသည်။

ယခုအချိန်သည် စပါးလှောင်ရန် အကောင်းဆုံးအချိန်ဖြစ်သောကြောင့် လှောင်လက်များ ဝယ်ယူကြရာက စပါးဈေးမှာ တက်ရိပ်ပြနေပြီး စပါးအခြောက်ခံစက် ရှိသူများအတွက် သိုလှောင်ရန်အဆင်ပြေကြောင်းနှင့် အချို့တောင်သူများက စပါးကို ရောင်းချခြင်းမပြုဘဲ အခြောက်ခံထားရှိရာ လက်ရှိပေါက်ဈေးတွင် ဈေးကောင်းရနိုင်ကြောင်း စပါးကုန်သည်အချို့က သုံးသပ်ကြသည်။

**Source: Myanma Awba**

## တရုတ်နိုင်ငံသို့ မြန်မာ့ပြောင်း တရားဝင်စတင်စမ်းသပ်တင်ပို့

တရုတ်နိုင်ငံကို မြန်မာ့ပြောင်းတွေ တရားဝင်တင်ပို့မှု စတင်ဆောင်ရွက်နေပြီလို့ မြန်မာနိုင်ငံပြောင်း လုပ်ငန်းအသင်းကနေ သိရပါတယ်။ အခုတစ်ပတ်အတွင်းမှာ ပင်လယ်ရေကြောင်းကနေ တန်ချိန် ၈၀၀ စမ်းသပ်တင်ပို့ခဲ့တာဖြစ်ပြီး လာမယ့်အပတ်မှာ တန်ချိန် ၁၀၀၀ ဝန်းကျင် ထပ်မံတင်ပို့သွားမှာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၊ ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်ကပြောပါတယ်။




စျေးနှုန်းအနေနဲ့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၉၀ နဲ့ ဒေါ်လာ ၃၀၀ အကြား ရရှိတယ်လို့ သိရပါတယ်။

မြန်မာ့ပြောင်းဆန်တွေကို လက်ရှိမှာ ဗီယက်နမ်၊ ဖိလစ်ပိုင်က အများဆုံးဝယ်ယူမှုပြုနေပြီး စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွေကိုလည်း တင်ပို့မှုတွေပြုလုပ်နေတာပါ။ ပြည်ပဝယ်လိုအား ကောင်းနေတဲ့အပြင် ပြည်တွင်းမှာလည်း အစာစပ်လုပ်ငန်းတွေရဲ့ သုံးစွဲအားမြင့်တက်နေတဲ့အတွက်ကြောင့် ပြောင်းစျေးနှုန်းကောင်းနေပြီး ရန်ကုန် ပြောင်းဆန်စျေးနှုန်းက တစ်ပိဿာကို ၁၀၈၀ ကျပ်၊ ၁၀၉၀ ကျပ်မှာရှိနေတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ပြည်ပကုမ္ပဏီပေါင်း ၂၀ နီးပါး ပါဝင်ပြသမည့် မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပြပွဲ ကျင်းပမည်

တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံအခြေစိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုမ္ပဏီပေါင်း ၂၀နီးပါး လာရောက်ပြသမည့် မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပြပွဲကို လာမည့်နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ကိုဗစ် (၁၉)ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်း အတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး အီတလီနိုင်ငံမှ NGO တစ်ခုလည်း လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ပြည်တွင်းကုမ္ပဏီ ၄၀ ဝန်းကျင်ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးသုံး စက်ပစ္စည်းများ၊ အသုံးအဆောင်များ၊ နည်းပညာများကို ဝင်ရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲတွင် မွေးမြူရေးနှင့် အစာဆိုင်ရာ ဟောပြောပွဲများ၊ စိုက်ပျိုးသီးနှံနှင့် စျေးကွက်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ၊ ငါး၊ ပုစွန်မွေးမြူရေးနှင့် စျေးကွက်ဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်သည်ဟုဆိုသည်။

ယခုပြပွဲကို ၂၀၂၀ ပြည့်နှစ်ကတည်းက ပြုလုပ်ရန်စီစဉ်ထားသော်လည်း ကိုဗစ် (၁၉)ကပ်ရောဂါကြောင့် ကျင်းပနိုင်ခြင်း မရှိဘဲ ယခုနှစ်တွင်မှ ပြန်လည်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## အောက်တိုဘာလ ၁၇ ရက်မှ ၂၁ ရက်နေ့အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ အာလူး၊ ကြက်သွန်နီနှင့်ကြက်သွန်ဖြူစျေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၇-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၂ ) အတွင်း အာလူးတစ်ပိဿာ စျေးနှုန်းများမှာ (၁၇-၁၀-၂၀၂၂) တွင် အောင်ပန်း A1 ကျပ် ၁၆၀၀၊ အောင်ပန်း OK ကျပ် ၁၆၅၀၊ အောင်ပန်း S1 ကျပ် ၁၇၅၀၊အောင်ပန်းS2 ကျပ် ၂၂၀၀ နှင့် တရုတ်အာလူး ကျပ် ၂၃၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၊ အောင်ပန်း A1 ကျပ် ၅၀၊ အောင်ပန်း OK ကျပ် ၅၀၊ အောင်ပန်း S1 ကျပ် ၁၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၅၀ အသီးသီးစျေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၅၃ စီး (၃၁၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၁၇-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၂)အတွင်း ဆိပ်ဖြူမြို့မှ ကြက်သွန်နီများ ဝင်ရောက် လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) စျေးနှုန်းများမှာ (၁၇-၁၀-၂၀၂၂) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၃၅၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ်၃၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၉၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ် အတွင်း ကြက်သွန်နီများ

ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၂၅ (၇၅၀၀၀၀ ပိဿာ) ခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၁၇-၁၀-၂၀၂၂ မှ ၂၁-၁၀-၂၀၂၂) အတွင်း ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၁၇-၁၀-၂၀၂၂) တွင် ကြူကုတ်ရှယ် ကျပ် ၃၇၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၂၀၀ (၆၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မြန်မာကုန်သွယ်မှုဖွံဖြိုးရေးဦးစီးဌာန (ရန်ကုန်)**

## ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၆၆၀၀၀ ကျော်တင်ပို့ခဲ့ပြီး ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၄၉၀ ကျော်တင်ပို့



https://news-eleven.com/article/239301

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၆၆၀၀၀ ကျော် တင်ပို့ခဲ့ပြီး ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၄၉၀ ကျော် တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာ ကာလအတွင်း ဒေါ်လာ ၉ ဒသမ ၇၀၄ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၄၃၇၀ ကျော် တင်ပို့ခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၈၈၇၀ ကျော်၊ ဥရောပနိုင်ငံများသို့ ဆန်တန်ချိန် ၁၅၄၉၀ ကျော် တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၁ ဒသမ ၂၀၇ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၃၂၀၀ ကျော်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ဆန်တန်ချိန် ၇၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာလအတွင်း ဒေါ်လာ ၇ ဒသမ ၂၀၉ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၀၁၈၀ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၆ ဒသမ ၄၀၀ သန်း တန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၈၄၁၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်းသိရသည်။

စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ဆန်တန်ချိန် ၂၇၆၄၀ နှင့် ဆန်ကွဲတန်ချိန် ၃၈၅၉၀ ကျော် တင်ပို့ခဲ့သဖြင့် ဆန်နှင့် ဆန်ကွဲ စုစုပေါင်းတင်ပို့မှု တန်ချိန် ၆၆၃၃၀ ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်အထိ ၁၂ လအတွင်း ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဒေါ်လာ ၆၈၇ ဒသမ ၂ သန်း ရရှိခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ၂၀၂၁ ခုနှစ်အတွင်း လအလိုက် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေရရှိမှုအနေဖြင့် ဇန်နဝါရီတွင် ဒေါ်လာ ၉၆ ဒသမ ၂ သန်း၊ ဖေဖော်ဝါရီတွင် ဒေါ်လာ ၄၅ သန်း၊ မတ်လတွင် ဒေါ်လာ ၄၂ ဒသမ ၄ သန်း၊ ဧပြီတွင် ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ မေလတွင် ဒေါ်လာ ၇၂ ဒသမ ၈ သန်း၊ ဇွန်လတွင် ဒေါ် လာ ၇၄ ဒသမ ၇ သန်း၊ ဇူလိုင်တွင် ဒေါ်လာ ၁၈ သန်း၊ ဩဂုတ်တွင် ဒေါ်လာ ၁၈ ဒသမ ၈ သန်း၊ စက်တင်ဘာတွင် ဒေါ်လာ ၃၈ ဒသမ ၂ သန်း၊ အောက်တိုဘာတွင် ဒေါ်လာ ၅၆ ဒသမ ၂ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ ၇၂ ဒသမ ၂ သန်းနှင့် ဒီဇင်ဘာတွင် ဒေါ်လာ ၁၀၅ ဒသမ ၁ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၆၈၇ ဒသမ ၂ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှု လျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှု မြင့်တက်ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၈၄ သန်းကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/239301

## မိုးဖရဲသီးလက်ကျန်များကို တရုတ်နိုင်ငံသို့ အနည်းငယ်တင်ပို့ပြီး ပြည်တွင်း၌ အဓိကထားရောင်းချနေ

ယခုလအတွင်း မိုးဖရဲသီးလက်ကျန်များကို တရုတ်နိုင်ငံသို့ အနည်းငယ်တင်ပို့ပြီး ပြည်တွင်း၌ အဓိကထား ရောင်းချနေကြောင်း မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ ဖရဲသီးစိုက်ပျိုးရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

တရုတ်နိုင်ငံ၌ ဖရဲသီးထွက်ရှိသည့် ရာသီမှာ ယခုလကုန်မှသာ ကုန်ဆုံးမည်ဖြစ်ရာ လက်ရှိတွင် ပြည်တွင်းမှ မိုးဖရဲသီးများ တင်ပို့ရာတွင် ဈေးနှုန်းရရှိမှုနည်းပါးသည့်အတွက် အနည်းငယ်သာတင်ပို့နေပြီး ပြည်တွင်း၌ လက်လီတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းရရှိနေသည်။ “အခု မိုးဖရဲသီးလက်ကျန်တွေကို ပြည်တွင်းဈေးကွက်ကိုပဲ တင်ပို့နေတာများပါတယ်။ တရုတ်နိုင်ငံကိုတော့ ဒီလကုန်ထွက်ရှိတဲ့အသီးတွေကို အဓိကတင်ပို့မှာပါ။ ကျွန်တော်တို့က တိုက်ရိုက်တင်ပို့တာတော့မဟုတ်ဘူး။ နှစ်တိုင်း ပွဲစားတွေကတစ်ဆင့်တင်ပို့ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက် အခြေအနေကကောင်းပါတယ်။ ဒါပြီးရင် ဆောင်းဖရဲလည်း ဆက်စိုက်မှာပါ ” ဟု သာစည်မြို့နယ်မှ ဖရဲစိုက်ပျိုးသူ ဦးလွင်ကို ကပြောသည်။

မြန်မာနိုင်ငံ၌ ဖရဲကို မိုးဖရဲနှင့်ဆောင်းဖရဲဟူ၍ စိုက်ပျိုးလေ့ရှိပြီး အဓိကအားဖြင့် မိုးဖရဲကို ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လ အတွင်း စိုက်ပျိုးလေ့ရှိကာ စတင်ထွက်ရှိသည့် အသီးများကို ပြည်တွင်းဈေးကွက်သို့ အားထား ရောင်းချလေ့ရှိသည်။ ဆောင်းဖရဲကို အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးကာ တရုတ်နိုင်ငံသို့ ဒီဇင်ဘာလမှ မေလအထိ တင်ပို့လေ့ရှိကာ ဖရဲစတင်စိုက်ပျိုးပြီး ရက်ပေါင်း ၄၀ ခန့်တွင် အသီးစတင်ယူနိုင်ပြီး ယခုနှစ် မိုးဖရဲစိုက်ပျိုးရာသီ တွင် မိုးကောင်းစွာ ရရှိသောကြောင့် တစ်ဧကလျှင် ခေါင်သီးအလုံးရေ ၂၅၀၀ အပါအဝင် အလုံးရေ ၄၀၀၀ မှ ၄၅၀၀ အထိ အသီးရရှိသည်။

ပြည်တွင်းမှထွက်ရှိသည့် ဖရဲသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် နှစ်စဉ် အောက်တိုဘာလမှမေလအထိ တင်ပို့လေ့ရှိကာ တရုတ်နိုင်ငံ၌ ဇွန်လမှအောက်တိုဘာလအထိ ဖရဲသီးထွက်ရှိလေ့ရှိသောကြောင့် ယင်းကာလအတွင်း အနည်းငယ်သာတင်ပို့ကြောင်း၊ မြန်မာ့ဖရဲသီးများကို ပြည်တွင်းစားသုံးမှုအပြင် ဒုဘိုင်း၊ တရုတ်၊ စင်ကာပူစသည့်နိုင်ငံများသို့လည်း တင်ပို့လေ့ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31865

## အိန္ဒိယ၏ ပို့ကုန်ကန့်သတ်မှု ကမ္ဘာ့ဆန်စပါး ဈေးကွက်အပေါ် လှုပ်ခတ်မှုရှိ



https://www.myawady.net.mm/node/31763

အိန္ဒိယနိုင်ငံက မကြာသေးမီက သတ်မှတ်လိုက်သော ဆန်စပါးပို့ကုန်ကန့်သတ်မှုသည် ကမ္ဘာ့ဆန်စပါးဈေးကွက်အပေါ် လှုပ်ခတ်မှုရှိစေပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ တည်ငြိမ်လာသော ဆန်စပါးဈေးနှုန်းကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေကြောင်း ကုန်သည်များကပြောသည်။

ဆန်စပါးအဓိက ထုတ်လုပ်တင်ပို့သော နိုင်ငံအချို့က ယခုနှစ်တွင် အထွက်နှုန်းကျဆင်းကာ ကမ္ဘာ့ဆန်စပါးဝယ်လိုအား မြင့်တက်နေချိန်နှင့် အိန္ဒိယ၏ ဆုံးဖြတ်ချက်ချမှတ်ချိန်တို့ တိုက်ဆိုင်နေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ ပုံမှန်ထက်ပိုလွန်သော မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ စပါးပင်များကိုသေစေပြီး စပါးအထွက်နှုန်းကို လျော့ကျစေသောကြောင့် အစိုးရက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် ပြည်ပတင်ပို့မှုကို ကန့်သတ်လိုက်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပါကစ္စတန်နိုင်ငံကလည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်ရေကြီးမှုများကြောင့် စပါးအထွက်နှုန်း ကျဆင်းခြင်းနှင့် ရင်ဆိုင်နေရသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်တို့ကဲ့သို့ ဆန်စပါးအဓိက တင်သွင်းသူများ၏ ဝယ်လိုအားသည်လည်း မြင့်တက်လာသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင် ဆန်စပါးအများဆုံး တင်ပို့သူဖြစ်သော အိန္ဒိယနိုင်ငံက ဆန်ကွဲများတင်ပို့မှုကို တားမြစ်ကာ ဘာစမာတီ မဟုတ်သော ဆန်အမျိုးအစားများ တင်ပို့မှုအတွက် ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံလိုက်ခြင်းကြောင့် ကမ္ဘာ့ဆန်စပါး ဈေးနှုန်းသည်လည်း ၁၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31763

## ကြက်သွန်စိုက်ပျိုးသည့် တောင်သူများမျှော်လင့်နေသည့် ဈေးနှုန်းရရှိ၍ အဆင်ပြေ


https://www.myawady.net.mm/node/31745

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ တောင်သူများ စိုက်ပျိုးထားသည့် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီ ဈေးနှုန်းငွေကျပ် ၃၀၀၀ ထိဈေးတက်လာကြောင်း လဲဂွကျေးရွာမှ ဆောင်းကြက်သွန် စိုက်ပျိုးသည့်တောင်သူ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ဆောင်းကြက်သွန်နီ ဈေးနှုန်းများမှာ မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ထိဈေးနှုန်းတက်ခဲ့ပြီး အောက်တိုဘာလ တတိယပတ်မှာပင် ကြက်သွန်ဈေးနှုန်း ထပ်မံမြင့်တက်ခဲ့ကာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ရရှိခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီ အများအပြားစိုက်ပျိုးကြပြီး ကြက်မောက်တောင်ချောင်းတစ်လျှောက်၊ ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ၊ ရေဆုံးအုပ်စုမှကျေးရွာများနှင့် စိတ္တိန်း၊ ကမ်းဖြူကျေးရွာတို့၌ စိုက်ပျိုးကြကြောင်း၊ ဆောင်းကြက်သွန်စိုက်ပျိုးရန် ပျိုးထောင်ချိန်မှ စိုက်ပျိုးချိန်၊ နုတ်သိမ်းချိန်ထိ အချိန် ခြောက်လကျော်ကြာမြင့်ကြောင်း၊ ပျိုးသက် ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ ရွှေ့ပြောင်းမစိုက်ပျိုးခင်အချိန်ထိ ထွန်ရေးညက်အောင်ထွန်ယက်ရခြင်း၊ မြေဆီ၊ မြေသြဇာနှပ်ထားရခြင်း၊ ရေလောင်း၊ ရေဖျန်းရန်ကြိုတင်တွင်းတူးဖော်ရခြင်းများ လုပ်ဆောင်ထားရကြောင်း၊ စိုက်ပျိုးချိန်တွင် ပျိုးနုတ်ရန် အလုပ်သမား ငှားရမ်းရကြောင်း၊ ငွေကုန်ကြေးကျများသည့် လုပ်ငန်းဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်း စိုက်နေကြကြောင်းသိရသည်။

ဆောင်းကြက်သွန်နီ ဈေးနှုန်းများ သုံးနှစ်ဆက်တိုက် အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်သြဂုတ်လအတွင်းမှစပြီး ကြက်သွန်စိုက်ပျိုးသည့်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ကြောင်း၊ ယခုအချိန်တွင် ကြက်သွန်နီ ဈေးနှုန်းငွေကျပ် ၃၀၀၀ ဖြစ်နေကာ ဈေးနှုန်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31745

## တစ်ပတ်တာ အာရှဆန်ဈေးနှုန်းများ အခြေအနေ


https://www.foodindustrydirectory.com.mm

ဆန်အများဆုံး တင်ပို့နေတဲ့ အိန္ဒိယနိုင်ငံရဲ့ စပါးထွက်တဲ့ ပြည်နယ်များမှာ မိုးသည်းထန်နေတဲ့အတွက် စပါးတွေ ထိခိုက်မှာစိုးရိမ်နေကြပါတယ်။ ထိုင်းဆန်ကတော့ ဝယ်လိုအား ကြက်သီးနွေးရုံလောက်သာ ရှိပြီး အဝယ်ပါးနေလို့ ဈေးကျနေပါတယ်။

၅% ဆန်ကွဲပါ ထိုင်းဆန် <RI-THBKN5-P1> အမျိုးအစားဈေးနှုန်းက ယခင်သီတင်းပတ်မှာ တစ်တန် $410-$420 ရှိခဲ့ပြီး ယခုသီတင်းပတ်မှာ $405-$407 သို့ ကျဆင်းပါတယ်။ ပြည်တွင်းပြည်ပ ၂ နေရာစလုံးမှာ အဝယ်ပါးနေဆဲဖြစ်လို့ ဈေးကျပါတယ်။

ပြီးခဲ့တဲ့လမှာ မိုးသက်မုန်တိုင်းကြောင့် ပြည်နယ် ၇၇ အနက် ၅၉ ခုမှာ ရေကြီးခဲ့ပါတယ်။ စပါးခင်း ပျက်စီးတာတွေလည်း ဖြစ်ပွားခဲ့ပါတယ်။ ၅% ဆန်ကွဲပါ အိန္ဒိယ ပေါင်းဆန် <RI-INBKN5-P1> အမျိုးအစား ခေါ်ဈေး ယခင်အပတ်အတိုင်း တစ်တန် $374 - $382 မပြောင်းမလဲဘဲ ယခုအပတ်မှာ ဈေးငြိမ်နေပါတယ်။

မိုးများလျှင် စပါးအထွက်ပမာဏ မလျော့လျှင်တောင် အရည်အသွေးကတော့ လျော့ကျမယ်လို့ ဆန်ကုန်သည်များက စိုးရိမ်မကင်း ဖြစ်နေကြပါတယ်။ ၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် <RI-VNBKN5-P1> အမျိုးအစား FOB (free on board) ခေါ်ဈေး တစ်တန် 425-$430 ရှိပါတယ်။ ဖိလစ်ပိုင်၊ အာဖရိက၊ ကျူးဘားနှင့်ဘင်္ဂလားဒေ့ရှ်တို့က ဗီယက်နမ်ဆန်ကို ဝယ်ယူနေကြပါတယ်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5176-asia-rice-weekly.html

## မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့်ပဲစင်းငုံ အိန္ဒိယမှဝယ်ယူမှုရှိနေ၍ ယခင်တစ်ပတ်ထက်ဈေးမြင့်လာ

အောက်တိုဘာလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ပဲအသစ်များဝင်ရောက်မှုမရှိပဲ လက်ကျန်လှောင်လက်ပဲများသာ အရောင်းအဝယ်ဖြစ်နေပြီး၊ မတ်ပဲနှင့်ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုရှိနေ၍ မျိုးပဲများ အရောင်းအဝယ်သွက်နေကြောင်း ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် မြင့်တက်လာပြီး ကျန်ပဲများမှာ ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။

**မတ်ပဲ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၇၇၀၀၀ မှ ၁၇၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၇၇၀၀၀၊ ယခင်လ ကျပ် ၁၉၅၀၀၀ မှ ၁၉၈၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မှ ၂၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက်ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ နိမ့်ကျလာသည်။

**ပဲစင်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ ၊ ယခင်လ ကျပ် ၁၈၇၀၀၀ မှ ၁၉၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက်ကျပ် ၂၀၀၀ မှ ၉၀၀၀ နိမ့်ကျလာသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၃၀၀၀၀ မှ ၁၄၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၂၅၀၀၀ မှ ၁၄၈၀၀၀ ၊ ယခင်လ ကျပ် ၁၆၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၅၀၀၀ နိမ့်ကျလာသည်။

**မြေထောက်ပဲ** ၅၄ ပိဿာဝင်သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၃၀၀၀၀ မှ ၁၄၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၀၀၀၀ မှ ၂၄၀၀၀၀ ၊ ယခင်လ ကျပ် ၂၃၅၀၀၀ မှ ၂၅၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုဟိုဋ္ဌာန

## STOCK EXCHANGE (25.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +100 | +1.06% | 9,500 | 9,500 | 9,500 | 10 | 95,000 | 33,109,694 | 314,542 |
| MTSH | 00002 | 3,450 | -50 | -1.43% | 3,500 | 3,500 | 3,450 | 2,083 | 7,190,500 | 38,929,150 | 134,306 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 1,011 | 7,885,800 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 180 | 486,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | -100 | -1.96% | 5,100 | 5,100 | 5,000 | 505 | 2,529,000 | 10,497,598 | 52,488 |

# Market Overview

## Main Board

As of 1:00 pm, 25th Oct. 2022

| MYANPIX | 414.52 ▲ 0.18 |
|---|---|
| Total Volume (shares) | 3,789 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 721,108 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 100 |
| MTSH | 00002 | 3,450 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▼ 100 |

TIR